**သတင်းထုတ်ပြန်ချက်**

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ကူညီရန်၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရန်နှင့် လျှပ်စစ်ဓာတ်အား ပိုမို တိုးတက်ရရှိစေရန် ကမ္ဘာ့ဘဏ် အုပ်စုက အမေရိကန် ဒေါ်လာ သန်းနှစ်ထောင် အသုံးပြုဆောင်ရွက်သွားမည်

**ရန်ကုန်၊ ဇန်နဝါရီလ ၂၆ ရက်၊ ၂၀၁၄ ခုနှစ်။ ကမ္ဘာ့ဘဏ် အုပ်စု၏ ဥက္ကဋ္ဌ ဂျင်ယုံကင်မ်** သည် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သည့် ၎င်း၏ ပထမဦးဆုံး ခရီးစဉ်အတွင်း အမေရိကန် ဒေါ်လာ သန်းနှစ်ထောင် အသုံးပြုကာ နှစ်ရှည် ဖွံ့ဖြိုးရေး အစီအစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယနေ့ ထုတ်ပြန်လိုက်သည်။ အဆိုပါ လုပ်ငန်း အစီအစဉ်များတွင် အထူးသဖြင့် ဆင်းရဲနွမ်းပါးသည့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် လျှပ်စစ် ဓာတ်အား ပိုမို တိုးတက်ရရှိစေရန် ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့်အတူ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက် လျက်ရှိသည့် အခြားသော အရေးကြီးသည့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဦးစားပေးလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့်အတူ ကမ္ဘာ့ဘဏ် အုပ်စု ဥက္ကဋ္ဌ ဂျင်ယုံကင်မ်သည် ရန်ကုန်မြို့ရှိ မြို့နယ် ဆေးရုံတစ်ခုသို့ သွားရောက်လည်ပတ်စဉ်အတွင်း ထိုအစီအစဉ်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်တွင် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဝန်ကြီးတို့သည် ကျန်းမာရေး ဝန်ထမ်းများ၊ ဆရာဝန်များ၊ ဒေသခံများ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပြီး အထူးသဖြင့် ဆင်းရဲ နွမ်းပါးသည့် ပြည်သူတို့၏ ဘဝကို မြှင့်တင်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆက်လက် ကူညီသွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားသည်။

*"လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေရဲ့ အသီးအပွင့်တွေ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေဆီ မြန်မြန် ဆန်ဆန် ရောက်ရှိနိုင်ဖို့အတွက် ကျွန်ုပ်တို့ အနေတဲ့ ကူညီမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ အမေရိကန် ဒေါ်လာ သန်းနှစ်ထောင် ပမာဏနဲ့ ဆောင်ရွက်သွားမယ့် နှစ်ရှည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ထဲမှာ မြန်မာနိုင်ငံ အစိုးရ ရဲ့ စီမံကိန်းတွေဖြစ်တဲ့ ဆင်းရဲ ချမ်းသာ မရွေး လူတိုင်း လက်လှမ်းမီနိုင်မယ့် ကျန်းမာရေး စောင့်ရှောက်မှု စနစ် (Universal Health Coverage) ကို အကောင်အထည်ဖော်သွားနိုင်ဖို့ နဲ့ ၂၀၃၀ ပြည့်နှစ် မတိုင်ခင်မှာ လူတိုင်းအတွက် လျှပ်စစ် ဓာတ်အား အပြည့်အဝ ရရှိ နိုင်ဖို့ ဆိုတဲ့ လုပ်ငန်းတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်" ဟု* ကမ္ဘာ့ဘဏ် အုပ်စု ဥက္ကဋ္ဌ ဂျင်ယုံကင်မ်က ပြောသည်။

မြန်မာနိုင်ငံ အစိုးရ၏ နှစ်ရှည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ကူညီနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အုပ်စုသည် ၎င်း၏ အဖွဲ့အစည်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အဖွဲ့ (IDA)၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) နှင့် နိုင်ငံစုံ အကျိုးတူ ရင်းနှီးမြှုပ်နှံမှု အာမခံရေး အေဂျင်စီ (MIGA) အဖွဲ့များထံမှ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များကို ရယူအသုံးချသွားမည်ဖြစ်သည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား လိုအပ်ချက် ရှိနေသည့် မြန်မာနိုင်ငံတွင် လျှပ်စစ်ဓါတ်အား ပိုမို တိုးတက် ထုတ်လုပ်နိုင်ရေး၊ ထုတ်လွှင့် ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင် အသုံးပြု ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

လျှပ်စစ် ဓာတ်အား ကဏ္ဍတွင် မြန်မာနိုင်ငံ အစိုးရက ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် လျှပ်စစ်မီး ရရှိရေး စီမံကိန်း (National Electrification Plan) ကို ကူညီသွားမည်ဖြစ်ပြီး အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင် ပေးသွားမည်အပြင်၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေ စည်းမျဉ်း အခြေခံမူဘောင်များ ပြုပြင်ပြောင်းလဲရန် ကူညီ ဆောင်ရွက် သွားမည်ဖြစ်သည်။ သို့မှသာ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုများသည် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျေးလက် ဒေသနှင့် ပင်မဓာတ်အားလိုင်း မရောက်ရှိသည့် ဒေသများ အတွက် ပြန်လည် ဖွံ့ဖြိုးမြဲစွမ်းအင်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

*"လျှပ်စစ် ဓာတ်အား ပိုမို ရရှိလာတာနဲ့ အမျှ လူမှုစီးပွားဘဝတွေဟာလည်း တိုးတက်ပြောင်းလဲလာမှာ ဖြစ်တယ်။ ည မှောင်သွားပေမယ့် ကလေးတွေ စာကြည့်နိုင်မယ်။ ဈေးဆိုင်တွေကို ဖွင့်ထားနိုင်မယ်။ ဆေးခန်းတွေအတွက် မီးလင်းပြီး လူ့အသက်ကယ်တင်ဖို့ အရေးကြီးတဲ့ ခေတ်မီ စက်ပစ္စည်းနဲ့ နည်းပညာတွေ သုံးနိုင်မယ်။ လျှပ်စစ် ဓာတ်အားက ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်နိုင်ဖို့ အရေးကြီးပါတယ်" ဟု ကမ္ဘာ့ဘဏ် အုပ်စု ဥက္ကဋ္ဌက ပြောသည်။*

ကမ္ဘာ့ဘဏ်အုပ်စု အဖွဲ့ဝင်တစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသည့် ကဏ္ဍတွင် အလေ အလွင့် နည်းပါးစေရန်နှင့် ပြည်သူများ ပိုမို သုံးစွဲရရှိနိုင်ရန် ဆောင်ရွက်နေပါသည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် ကုန်ကျစရိတ်နည်းပါးပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်မည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပိုမို တိုးတက် များပြားလာစေရန် နှင့် လျှပ်စစ် ဓာတ်အားပေး စက်ရုံသစ်များ အတွက် အစိုးရနှင့် ပုဂ္ဂလိက ဖက်စက် ရင်းနှီးမြှုပ်နှံမှုများကို အားပေး ကူညီသွားမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ် အုပ်စုက ယခု ထုတ်ပြန်လိုက်သည့် ဖွံ့ဖြိုးရေး အစီအစဉ်တွင် ၂၀၃၀ ပြည့်နှစ်မတိုင်မီ မြန်မာနိုင်ငံအတွက် ဆင်းရဲ ချမ်းသာ မရွေး လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု စနစ် (Universal Health Coverage) ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ် အုပ်စု၏ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အဖွဲ့ (IDA) ထံမှ ကူညီမှု ရန်ပုံငွေ အမေရိကန်ဒေါ်လာသန်း (၂၀၀) လည်း ပါဝင်သည်။ အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ၏ ကတိကဝတ်ပြုထားခဲ့သည့် ကူညီမှုများနှင့်အတူ IDA ၏ ရန်ပုံငွေသည် အမျိုးသမီးနှင့် ကလေးငယ်များအတွက် အပါအဝင် အခြေခံ လိုအပ်ချက်ဖြစ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ရလဒ်အခြေပြု ငွေကြေးကူညီမှုများဖြင့် လုပ်ဆောင်သွားမည်။ ထို့အပြင် ဆင်းရဲ နွမ်းပါးသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍတွင် အခက်အခဲဖြစ်လျက်ရှိသည့် မိမိတို့ ကိုယ်ပိုင် ငွေကြေးဖြင့် ကျခံသုံးစွဲရသည့် ကျန်းမာရေး အသုံးစရိတ်မြင့်မားမှုကိုလည်း ဖြေရှင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

"*ဆင်းရဲ ချမ်းသာ မရွေး လူတိုင်းဟာ စျေးနှုန်းချိုသာပြီး အရည်အသွေးမြင့်မားတဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ရသင့်ပါတယ်။ ကျန်းမာရေး အသုံးစရိတ်တွေ မြင့်မားလို့ ဆင်းရဲတွင်းနက်နေရတယ်ဆိုတဲ့ အဖြစ်မျိုးက မရှိသင့်တော့ပါဘူး။ မြန်မာနိုင်ငံ အစိုးရရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၃၀ ပြည့်နှစ်မတိုင်ခင်မှာ လူတိုင်း လက်လှမ်းမီ နိုင်မယ့် ကျန်းမာရေး စောင့်ရှောက်မှု စနစ် (Universal Health Coverage) ကို ဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ နိုင်ငံသား အားလုံး ကျန်းမာရေး ကောင်းမွန်တဲ့ ဘဝမှာ နေထိုင်နိုင်မယ့် အခွင့်အရေးရရှိလာမှာပါ* " ဟု ကမ္ဘာ့ဘဏ် အုပ်စု ဥက္ကဋ္ဌ ဂျင်ယုံကင်မ်က ပြောပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ ကျေးလက်ပြည်သူအများစု၏ ၇၅ % ခန့်သည် အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုမရရှိကြဘဲ ဆေးဝါးကုသခံယူမှုရယူနိုင်ရန် ငွေကြေးမတတ်နိုင်ကြသည့် ဆင်းရဲ နွမ်းပါးသော မိသားစုများ ဖြစ်ကြသည်။

ကမ္ဘာ့ဘဏ် အုပ်စု ဥက္ကဋ္ဌ ဂျင်ယုံကင်မ် သည် ဇန်နဝါရီလ (၂၇)ရက်နေ့ (တနင်္လာနေ့) တွင် နေပြည်တော်တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် ကို တက်ရောက်မည် ဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်အပါအဝင် အစိုးရ အဖွဲ့ဝင်များ၊ အတိုက်အခံ ခေါင်းဆောင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပါသည်။

**ထပ်မံ သိရှိသင့်သည့် အချက်အလက်များ**

- ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံအပေါ် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရန် ကတိ ကဝတ်ပြုမှုသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှု စနစ် အကောင်အထည်ဖော်ရန် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်နှစ်ခုအတွက် ဦးတည် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေးအရ အကာအကွယ်ပေးရန် ရည်မှန်းဆောင်ရွက်မှုသည် မိမိတို့၏ ကိုယ်ပိုင် ငွေကြေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အသုံးစရိတ်ကို မြင့်မားစွာ သုံးစွဲနေရခြင်းကြောင့် ဆင်းရဲတွင်းနက်နေရခြင်း မဖြစ်ပေါ်စေရန် ဖြစ်သည်။ ကျန်းမာရေး ဝန်ဆောင်မှုပေးအပ်ခြင်း ရည်မှန်းဆောင်ရွက်မှုသည် ဆင်းရဲနွမ်းပါးသည့် ပြည်သူများအတွက် အခြေခံကျသည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်မှုကို ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ နှစ်ဆ မြှင့်တင် သွားနိုင်ရန် ဖြစ်သည်။ ၎င်း စောင့်ရှောက်မှုများတွင် ကူးစက်ရောဂါများ၊ သွေးတိုး၊ ဆီးချိုစသည့် နာတာရှည် ရောဂါများ အတွက် ဆေးကုသမှု၊ စိတ်ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုစသည်တို့ ပါဝင်သည်။
- လက်ရှိ လျှပ်စစ် ဓာတ်အား ထုတ်လုပ်မှုကို အလေအလွင့်နည်းစေခြင်း နှင့်ထုတ်လုပ်နိုင်စွမ်းအားကို မြှင့်တင်ခြင်းသည် ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ လိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏကို ပိုမို ရရှိစေရန် မြှင့် တင်နိုင်သည့် အမြန်ဆုံးနည်းလမ်းတစ်ရပ် ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် မြန်မာ နိုင်ငံသို့ ပြန်လည် ဝင်ရောက်လာပြီးနောက်ပိုင်း မွန်ပြည်နယ်ရှိ သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံ၏ လျှပ်စစ် ဓာတ်အားကို အလေအလွင့်နည်းပါးစေရုံ သာမက ထုတ်လုပ်နိုင်မှု ပမာဏကို နှစ်ဆ မြှင့်တင် ပေးနိုင်မည့် အမေရိကန် ဒေါ်လာ သန်း(၁၄၀) တန်ဖိုးရှိ လျှပ်စစ် စွမ်းအင် စီမံကိန်းကို ပထမဆုံးရင်းနှီးမြှုပ်နှံမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။
- ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ ပူးတွဲ ဆောင်ရွက်နေသည့် ၂၀၃၀ ပြည့်နှစ် မတိုင်ခင် လူတိုင်း လျှပ်စစ် ဓာတ်အား သုံးစွဲခွင့် ရရှိရေး ဆောင်ရွက်မှု (Sustainable Energy for All –SE4ALL) မှ တစ်ဆင့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လျှပ်စစ်မီး ရရှိရေး စီမံကိန်း (National Electrification Plan) အကောင်အထည် ဖော်နိုင်ရန်အတွက် ကူညီလျက်ရှိပါသည်။


## ဆက်သွယ်ရန် - **ရန်ကုန်**

**Carl Hanlon** chanlon@worldbank.org, +1 202 460-8526

**Paul Risley** prisley@worldbank.org, + 66 80 781 5165

**Kyaw Soe Lynn** klynn@worldbank.org + 95 92 031 159

ဝါရှင်တန် - **Diana Ya Wei Chung** dchung1@worldbank.org 2028031647

ရုပ်သံ - **Mehreen Sheikh** +1 (202) 458-7336, msheikh1@worldbank.org